စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုဆိုင်ရာ အစီရင်ခံစာ တင်ပြခြင်း

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ )

ရက်စွဲ ၂၄-၈-၂၀၂၂

မာတိကာ


| | | |
|---|---|---|
| (က) | နိဒါန်း | ၁ |
| (ခ) | ရည်ရွယ်ချက် | ၂ |
| (ဂ) | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| (ဃ) | ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇူလိုင်လ(၂၉) ရက်ထိ ပို့ကုန်တင်ပို့မှုအခြေအနေ | ၄ |
| | ၁။ လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၄ |
| | ၂။ ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ | ၈ |
| (င) | ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၈ |
| (စ) | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက် | ၁၁ |
| (ဆ) | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လထိ) ပို့ကုန်တင်ပို့နိုင်မှု နှိုင်းယှဉ်ချက် | ၁၂ |
| (ဇ) | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၄ |
| (ဈ) | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၅ |
| (ည) | ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁)ရက် မှ ဇူလိုင်လ(၂၉)ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ | ၁၅ |
| | ၁။ လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆ |
| (ဋ) | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၇ |
| (ဌ) | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၈ |
| (ဍ) | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ)သွင်းကုန် တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၉ |
| (ဎ) | သုံးသပ်ချက် | ၂၁ |
| (ဏ) | နိဂုံး | ၂၃ |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၂ ခုနှစ်၊ ဇူလိုင်လ)

## (က) နိဒါန်း

မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များ အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (ဇယား-၁၊ ပုံ-၁)

ဇယား (၁) – ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

၂၀၁၂ -၂၀၁၃ မှ ၂၀၂၂ -၂၃ (၁-၄-၂၀၂၂ မှ ၂၉-၇-၂၀၂၂ ထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၂၉-၇-၂၀၂၂)ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၂၀ | ၂၄၀၇.၈၆ | ၁၂၇၄.၄၁ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ | ၁၄.၅၉၈ |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၀.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၅၈ | ၁၉၆.၂၈ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၄.၀၇ | ၁၂၆.၇၉ |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ | ၅၆.၉၁ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၉၂.၈၇ | ၄၆၃၇.၅ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၅၃.၄၁ | ၄၆၈၄.၅၄ | ၃၆၇၆.၆၇ |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁၀၈၆.၅ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၁၃ | ၁၅၃.၀၃ |
| စုစုပေါင်း | | ၈၉၇၇ .၀၃ | ၁၁၂၀၃ .၉၆ | ၁၂၅၂၃ .၇၃ | ၁၁၁၃၆..၈၉ | ၁၁၉၉၈ .၅၅ | ၁၄၈၈၃ .၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀ .၄၁ | ၁၇၆၈၁.၀၉ | ၁၅၃၆၃.၂၈ | ၈၂၇၉.၄၄ | ၅၄၉၈.၆၉၂ |




ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၂၉-၇-၂၀၂၂)ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## (ခ) ရည်ရွယ်ချက်

(၁) လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(၂) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန်။

## (ဂ) ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်


ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက်ကုန် အနေဖြင့် (၂,၉၂၈.၁) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၆၃.၂၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် (၄,၆၂၄.၂) သန်းရှိခဲ့ပါသည်။ (ဇယား-၁)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင် (၃၀%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၂၊ ပုံ-၂)

သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃၃၃၆.၇၄) သန်း နှင့် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၆၉၆.၁)သန်း တိုးတက်ရရှိခဲ့သည်။ (ဇယား-၁)

## ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ (Mini Budget) (အောက် မှ မတ်) | ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၂၉-၇-၂၀၂၂ ) ထိ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၉% | ၂၃% |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၆% | ၀.၂၇% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% | ၄% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၃% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% | ၆၇% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၄% | ၃% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |




ပုံ (၂) ။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၂၉-၇-၂၀၂၂) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)

## (ဃ) ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇူလိုင်လ(၂၉) ရက်ထိ ပို့ကုန်တင်ပို့မှုအခြေအနေ

အစီရင်ခံကာလအတွင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက် မှ ဇူလိုင်လ(၂၉) ရက်ထိ **ပို့ကုန်တင်ပို့မှု စုစုပေါင်း** အမေရိကန်ဒေါ်လာ (၅၄၉၈.၆၉) သန်းတွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၁၂၇၄.၄၁) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၁၄.၆)သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၁၉၆.၂၈) သန်း၊ သတ္တုတွင်းထွက်ပစ္စည်း ဒေါ်လာ (၁၂၆.၇၉)သန်း၊ သစ်တောထွက်ပစ္စည်း ဒေါ်လာ (၅၆.၉၁)သန်း၊ စက်မှုကုန်ချောပစ္စည်း ဒေါ်လာ (၃၆၇၆.၆၇)သန်း နှင့် အခြားပစ္စည်း ဒေါ်လာ (၁၅၃.၀၃)သန်း ပါဝင်ခဲ့ပါသည်။(ဇယား-၁)

**လယ်ယာကဏ္ဍတင်ပို့မှု**အနေဖြင့် လယ်ယာထွက်ပစ္စည်း အမေရိကန်ဒေါ်လာ (၁၂၇၄.၄၁) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၁၄.၆) သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၁၉၆.၂၈) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (**လယ်ယာ၊ တိရိစ္ဆာန် နှင့် ရေထွက်ပစ္စည်း**) တင်ပို့မှု ပို့ကုန် တန်ဖိုး စုစုပေါင်းမှာ ဒေါ်လာ(၁၄၈၅.၂၉) သန်း ရှိပြီး စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာ ကဏ္ဍ ပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၂၇)% ခန့်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂)

### ၁။ လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ


**လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု** ဒေါ်လာ (၁၂၇၄.၄၁) သန်းတွင် လယ်ယာကဏ္ဍ အဓိကပို့ကုန် အမယ် (၅) မျိုး အနေဖြင့် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် **ဆန်နှင့် ဆန်ကွဲ** တင်ပို့မှု တန်ချိန် (၇၁၄၃၈၁.၇) မှ ဒေါ်လာ (၂၄၆.၈၂) သန်း၊ **ပဲအမျိုးမျိုး** တင်ပို့မှု တန်ချိန် (၅၅၈၇၀၀.၂၈) မှ ဒေါ်လာ (၄၂၆.၄၁) သန်း၊ **ပြောင်း**တင်ပို့မှုတန်ချိန် (၆၅၀၅၁၅.၈၇) မှ ဒေါ်လာ (၂၀၄.၉၆) သန်း၊ **နှမ်း**တင်ပို့မှု တန်ချိန် (၃၁၉၅၂.၅၃) မှ ဒေါ်လာ (၄၀.၆၂) သန်း ၊ **ရော်ဘာစိမ်း**တင်ပို့မှု တန်ချိန် (၈၁၅၄၂.၈၃) မှ ဒေါ်လာ (၁၂၄.၈) သန်း နှင့် **အခြားအမယ်**တင်ပို့မှုမှ ဒေါ်လာ (၂၃၀.၈) သန်း ရရှိထားကြောင်း သိရှိရသည်။ (ဇယား-၃၊ ပုံ-၃)

လယ်ယာထွက်ကုန် အမျိုးအစားလိုက်တင်ပို့မှုတွင် ရာခိုင်နှုန်းအားဖြင့် **ဆန်နှင့်ဆန်ကွဲ** (ဆန်နှင့် ဆန်ကွဲအပါအဝင်) တန်ချိန်ပေါင်း (၂၅%) တန်ဖိုးအနေဖြင့် (၁၆%) နှင့် **နှမ်း**အနေဖြင့် တန်ချိန် (၄၉%) တန်ဖိုး (၆၅%) တိုးမြင့် တင်ပို့ခဲ့ပြီး **ရော်ဘာစိမ်း**အနေဖြင့် တန်ချိန် (၈%) လျော့နည်းတင်ပို့ခဲ့သော်လည်း ၊ တန်ဖိုးအားဖြင့် (၁%) တိုးမြင့်တင်ပို့ခဲ့ကြောင်း **ပဲအမျိုးမျိုး**တွင် တန်ချိန် (၂၈%) ၊ တန်ဖိုး (၂၂%) လျော့နည်းတင်ပို့ခဲ့ကြောင်း နှင့် **ပြောင်း**မှာ တန်ချိန် (၂၀%) လျော့နည်းတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့်(၁၀%) တိုးမြင့်တင်ပို့ခဲ့ကြောင်း ဖော်ပြပါ အချက်အလက်များ အရ သိရှိရသည်။ (ဇယား-၃)


ဇယား (၃) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်း အရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ ဇူလိုင် ၂၉ ရက် ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၂-၂၀၂၃ | ယခင်နှစ် ၂၀၂၁-၂၀၂၂ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| **လယ်ယာ+တိရစ္ဆာန်+ရေထွက်** | | **US$** | **၁၄၅၈.၂၉** | **၁၄၈၇.၆** | **(၂.၃၇)** | **-၀.၂%** |
| **လယ်ယာထွက်ပစ္စည်း** | | **US$** | **၁,၂၇၄.၄၁** | **၁,၂၉၀.၅၉** | **(၁၆.၁၈)** | **-၁.၃%** |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၂၄၆.၈၂ | ၂၁၂.၉၁ | ၃၃.၉၁ | ၁၆% |
| | | တန်ချိန် | ၇၁၄,၃၈၁.၇၀ | ၅၇၃,၀၅၀.၄၉ | ၁၄၁,၃၃၁.၂၁ | ၂၅% |
| | (က) ဆန် | US$ | ၁၅၈.၉၆ | ၁၂၉.၀၀ | ၂၉.၉၇ | ၂၃% |
| | | တန်ချိန် | ၄၃၉,၃၂၄.၀၅ | ၃၁၂,၇၆၇.၅၁ | ၁၂၆,၅၅၆.၅၄ | ၄၀% |
| | (ခ) ဆန်ကွဲ | US$ | ၈၇.၈၆ | ၈၃.၉၁ | ၃.၉၅ | ၅% |
| | | တန်ချိန် | ၂၇၅,၀၅၇.၆၅ | ၂၆၀,၂၈၂.၉၈ | ၁၄,၇၇၄.၆၇ | ၆% |
| ၂ | ပဲအမျိုးမျိုး | US$ | ၄၂၆.၄၁ | ၅၄၇.၇၉ | (၁၂၁.၃၇) | -၂၂.၂% |
| | | တန်ချိန် | ၅၅၈,၇၀၀.၂၈ | ၇၈၀,၈၁၅.၅၉ | (၂၂၂,၁၁၅.၃၁) | -၂၈% |
| ၃ | ပြောင်း | US$ | ၂၀၄.၉၆ | ၁၈၅.၇၃ | ၁၉.၂၃ | ၁၀% |
| | | တန်ချိန် | ၆၅၀,၅၁၅.၈၇ | ၈၁၀,၄၂၉.၂၆ | (၁၅၉,၉၁၃.၃၉) | -၂၀% |
| ၄ | နှမ်း | US$ | ၄၀.၆၂ | ၂၄.၅၉ | ၁၆.၀၄ | ၆၅% |
| | | တန်ချိန် | ၃၁,၉၅၂.၅၃ | ၂၁,၄၉၀.၀၉ | ၁၀,၄၆၂.၄၄ | ၄၉% |
| ၅ | ရော်ဘာစိမ်း | US$ | ၁၂၄.၈၀ | ၁၂၃.၆၆ | ၁.၁၄ | ၁% |
| | | တန်ချိန် | ၈၁,၅၄၂.၈၃ | ၈၈,၇၀၄.၆၅ | (၇,၁၆၁.၈၂) | -၈.၁% |
| ၆ | အခြားသီးနှံ | US$ | ၂၃၀.၈၀ | ၁၉၅.၉၂ | ၃၄.၈၈ | ၁၈% |
| **တိရစ္ဆာန်ထွက်ပစ္စည်း** | | **US$** | ၁၄.၆ | ၂.၀၇ | ၁၂.၅၃ | ၆၀၅% |
| **ရေထွက်ပစ္စည်း** | | **US$** | ၁၉၆.၂၈ | ၁၉၅ | ၁.၂၈ | ၁% |




ပုံ (၃)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား– ဒေါ်လာသန်း




ပုံ (၄)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဇယား


ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် **ပဲတီစိမ်း**မှာ တန်ချိန် (၂၇၇၄၃၉.၈)၊ တန်ဖိုးဒေါ်လာ (၂၁၃.၄၂) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ **မတ်ပဲ**မှာ တန်ချိန် (၁၂၂၅၀၈.၀၁)၊ တန်ဖိုးဒေါ်လာ (၁၀၁.၅၁) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ **ပဲစဉ်းငုံ**မှာ တန်ချိန် (၁၂၄၆၈.၁)၊ တန်ဖိုးဒေါ်လာ (၉.၁၈) သန်းဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ **မြေပဲဆံ** တင်ပို့မှုမှာ တန်ချိန် (၅၅၆၇.၀၅)၊ တန်ဖိုးဒေါ်လာ (၅.၂၁) သန်းဖြင့် စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို တွေ့ရသည်။ (ဇယား–၄၊ ပုံ–၅၊ ၆)

ယခင်ဘဏ္ဍာနှစ်ထက် (၁–၄–၂၀၂၂) မှ (၂၉–၇–၂၀၂၂) တွင် မတ်ပဲတန်ချိန် (၅၅%) နှင့် တန်ဖိုး (၄၇%)၊ ပဲစဉ်းငုံတန်ချိန် (၈၄%) နှင့် တန်ဖိုး (၈၁%) နှင့် မြေပဲဆံ တန်ချိန် (၇၁%) နှင့် တန်ဖိုး (၇၅%) နှင့် ပဲတီစိမ်းတန်ချိန် (၆%) နှင့် တန်ဖိုးအားဖြင့် (၁%) အသီးသီးလျော့နည်း တင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြပါအချက် အလက်များအရ သိရှိရသည်။ (ဇယား–၄)


## ဇယား (၄) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၁-၂၀၂၂ Mini Budget | ကာလတူ (ဧပြီ ၁ ရက် မှ ဇူလိုင် ၂၉ ရက် ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၂-၂၀၂၃) | ယခင်နှစ် (၂၀၂၁-၂၀၂၂) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| | ပဲအမျိုးမျိုး | US$ | ၈၃၀.၁၆ | ၄၂၆.၄၁ | ၅၄၇.၇၉ | -၁၂၁.၃၇ | -၂၂% |
| | | တန်ချိန် | ၁၀၈၉၆၆၇.၇၅ | ၅၅၈၇၀၀.၂၈ | ၇၈၀၈၁၅.၅၉ | -၂၂၂၁၁၅.၃၁ | -၂၈% |
| ၁ | မတ်ပဲ | US$ | ၂၈၇.၉၁ | ၁၀၁.၅၁ | ၁၉၁.၀၆ | -၈၉.၅၅ | -၄၇% |
| | | တန်ချိန် | ၃၇၁၀၉၄.၉၀ | ၁၂၂၅၀၈.၀၁ | ၂၇၂၉၈၀.၈၄ | -၁၅၀၄၇၂.၈၃ | -၅၅% |
| ၂ | ပဲတီစိမ်း | US$ | ၂၉၆.၅၄ | ၂၁၃.၄၂ | ၂၁၄.၉၈ | -၁.၅၇ | -၁% |
| | | တန်ချိန် | ၃၈၃၇၂၂.၃၂ | ၂၇၇၄၃၉.၈၀ | ၂၉၅၃၂၅.၂၈ | -၁၇၈၈၅.၄၈ | -၆% |
| ၃ | ပဲစင်းငုံ | US$ | ၈၄.၈၅ | ၉.၁၈ | ၄၉.၄၁ | -၄၀.၂၄ | -၈၁% |
| | | တန်ချိန် | ၁၂၆၅၂၆.၃၄ | ၁၂၄၆၈.၁၀ | ၇၆၅၄၂.၆၂ | -၆၄၀၇၄.၅၂ | -၈၄% |
| ၄ | ကုလားပဲ | US$ | ၃.၉၂ | ၁၁.၇၃ | ၁၁.၇၁ | ၀.၀၂ | ၀.၂% |
| | | တန်ချိန် | ၆၁၃၀.၆၆ | ၁၆၉၀၇.၂၉ | ၁၉၉၃၄.၉၆ | -၃၀၂၇.၆၇ | -၁၅% |
| ၅ | ပဲလွန်းဖြူ | US$ | ၁၉.၄၀ | ၁၁.၆၁ | ၉.၃၉ | ၂.၂၂ | ၂၄% |
| | | တန်ချိန် | ၂၇၃၆၅.၂၄ | ၁၇၁၆၉.၁၀ | ၁၃၆၀၀.၉၁ | ၃၅၆၈.၁၉ | ၂၆% |
| ၆ | မြေထောက်ပဲ | US$ | ၃၀.၀၀ | ၂၆.၇၄ | ၁၃.၈၀ | ၁၂.၉၄ | ၉၄% |
| | | တန်ချိန် | ၃၉၈၃၉.၉၆ | ၃၈၀၇၀.၈၈ | ၁၉၀၀၃.၉၈ | ၁၉၀၆၆.၉၀ | ၁၀၀% |
| ၇ | ထောပတ်ပဲ | US$ | ၃.၉၁ | ၁၇.၄၁ | ၉.၈၂ | ၇.၅၉ | ၇၇% |
| | | တန်ချိန် | ၅၇၀၉.၇၄ | ၂၂၂၀၂.၀၅ | ၁၈၀၅၁.၁၃ | ၄၁၅၀.၉၂ | ၂၃% |
| ၈ | ပဲယင်း | US$ | ၃၅.၄၃ | ၁၅.၁၀ | ၁၃.၈၄ | ၁.၂၆ | ၉% |
| | | တန်ချိန် | ၄၉၉၅၁.၆၇ | ၂၃၂၅၀.၇၄ | ၂၅၆၄၆.၁၂ | -၂၃၉၅.၃၈ | -၉% |
| ၉ | ပဲကြီး | US$ | ၂.၂၆ | ၄.၁၉ | ၁.၀၃ | ၃.၁၆ | ၃၀၈% |
| | | တန်ချိန် | ၃၄၂၈.၈၇ | ၆၄၄၂.၄၅ | ၁၇၃၇.၀၄ | ၄၇၀၅.၄၁ | ၂၇၁% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁.၅၈ | ၂.၈၁ | ၃.၃၀ | -၀.၄၉ | -၁၅% |
| | | တန်ချိန် | ၂၃၆၄.၆၁ | ၄၃၂၂.၁၇ | ၅၂၈၃.၄၃ | -၉၆၁.၂၆ | -၁၈% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၂.၂၉ | ၄.၄၉ | ၂.၆၇ | ၁.၈၃ | ၆၈% |
| | | တန်ချိန် | ၁၇၂၆၉.၉၄ | ၅၉၄၇.၈၅ | ၃၃၄၀.၅၉ | ၂၆၀၇.၂၆ | ၇၈% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၃၀ | ၀.၀၆ | ၂.၅၅ | -၂.၄၉ | -၉၈% |
| | | တန်ချိန် | ၄၁၁.၀၀ | ၆၆.၀၀ | ၄၁၁၀.၃၀ | -၄၀၄၄.၃၀ | -၉၈% |
| ၁၃ | ပဲနီကြား | US$ | ၀.၀၈ | ၁.၅၇ | ၂.၀၃ | -၀.၄၆ | -၂၃% |
| | | တန်ချိန် | ၁၉၅.၀၀ | ၄၀၈၉.၂၅ | ၄၆၄၈.၀၀ | -၅၅၈.၇၅ | -၁၂% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၁၈ | ၀.၆၈ | ၀.၇၄ | -၀.၀၆ | -၈% |
| | | တန်ချိန် | ၂၁၆.၅၀ | ၁၀၃၈.၆၀ | ၈၉၀.၀၃ | ၁၄၈.၅၈ | ၁၇% |
| ၁၅ | မြေပဲဆံ | US$ | ၅၀.၈၃ | ၅.၂၁ | ၂၁.၁၃ | -၁၅.၉၃ | -၇၅% |
| | | တန်ချိန် | ၅၄၄၆၇.၇၂ | ၅၅၆၇.၀၅ | ၁၉၂၉၆.၂၆ | -၁၃၇၂၉.၂၁ | -၇၁% |
| ၁၆ | အခြားပဲ | US$ | ၀.၆၉ | ၀.၇၃ | ၀.၃၃ | ၀.၄၀ | ၁၂၂% |
| | | တန်ချိန် | ၉၇၃.၂၉ | ၁၂၁၀.၉၅ | ၄၂၄.၁၂ | ၇၈၆.၈၃ | ၁၈၆% |




ပုံ (၅)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား




ပုံ (၆)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဇယား

## ၂။ ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ

ဆီထွက်သီးနှံဖြစ်သော မြေပဲဆံနှင့်နှမ်း တင်ပို့မှုကိုလေ့လာပါက **မြေပဲဆံ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၅၅၆၇.၀၅) ၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၅.၂၁) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန်(၁၈၂၉၆.၂၆)၊ တန်ဖိုး ဒေါ်လာ (၂၁.၁၃)သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၁၃၇၂၉.၂၁)နှင့် တန်ဖိုး ဒေါ်လာ (၁၅.၉၃)သန်း လျော့နည်းခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၄)

**နှမ်း**တင်ပို့မှုမှာ (၁-၄-၂၀၂၂) မှ (၂၉-၇-၂၀၂၂) ထိ တန်ချိန် (၃၁၉၅၂.၅၃) နှင့် တန်ဖိုး ဒေါ်လာ (၄၀.၆၂) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၂၁၄၉၀.၀၉)နှင့် တန်ဖိုး ဒေါ်လာ (၂၄.၅၉) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၁၀၄၆၂.၄၄) နှင့် တန်ဖိုး ဒေါ်လာ (၁၆.၀၃၆) သန်း တိုးမြင့်တင်ပို့ခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၃)

## (င) ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုမှာ ၂၀၂၂ ခုနှစ် ဧပြီလ (၁) ရက် မှ ဇူလိုင်လ (၂၉) ရက် အထိ ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၅၄၉၈.၆၉) သန်းရှိရာ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၄၃၃၉.၆၇) သန်းရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၁၁၅၉.၀၂) သန်း/ (၂၇) % ခန့် ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၅)


ဇယား (၅) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် (၁–၄–၂၀၂၂ မှ ၂၉–၇–၂၀၂၂)ထိ | | | | ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် (၁–၄–၂၀၂၁ မှ ၂၉–၇–၂၀၂၁)ထိ | | | | တိုး(+)/လျော့(–) | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိ က ပိုင် | ပေါင်း | % |
| ၁ | **လယ်ယာကဏ္ဍပို့ကုန်** | | ၁၄၈၅.၂၉ | ၁၄၈၅.၂၉ | ၂၇% | | ၁၄၈၇.၆၆ | ၁၄၈၇.၆၆ | ၃၄% | | -၂.၃၇ | -၂.၃၇ | -၇% |
| | လယ်ယာထွက်ပစ္စည်း | | ၁၂၇၄.၄၁ | ၁၂၇၄.၄၁ | ၂၃% | | ၁၂၉၀.၅၉ | ၁၂၉၀.၅၉ | ၃၀% | | -၁၆.၁၈ | -၁၆.၁၈ | -၇% |
| | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၁၄.၆ | ၁၄.၆ | ၀.၂၇% | | ၂.၀၇ | ၂.၀၇ | ၀.၀၅% | | ၁၂.၅၃ | ၁၂.၅၃ | ၀.၂% |
| | ရေထွက်ပစ္စည်း | | ၁၉၆.၂၈ | ၁၉၆.၂၈ | ၃.၆% | | ၁၉၅. | ၁၉၅. | ၄.၅% | | ၁.၂၈ | ၁.၂၈ | -၀.၉% |
| ၂ | **သတ္တုတွင်းထွက်ပစ္စည်း** | ၂.၆၃ | ၁၂၄.၁၆ | ၁၂၆.၇၉ | ၂.၃% | ၃၆.၇၆ | ၂၁၂.၅၁ | ၂၄၉.၂၇ | ၅.၇% | -၃၄.၁၃ | -၈၈.၃၅ | -၁၂၂.၄၈ | -၃.၄၄% |
| ၃ | **သစ်တောထွက်ပစ္စည်း** | ၀.၃၁ | ၅၆.၆ | ၅၆.၉၁ | ၁% | ၀.၀၂ | ၄၁.၁၈ | ၄၁.၂ | ၁% | ၀.၂၉ | ၁၅.၄၂ | ၁၅.၇၁ | ၀.၀၉% |
| ၄ | **စက်မှုကုန်ချောပစ္စည်း** | ၁၁၁၃.၈၈ | ၂၅၆၂.၇၉ | ၃၆၇၆.၆၇ | ၆၇% | ၇၃၁.၉၆ | ၁၅၉၆.၀၃ | ၂၃၂၇.၉၉ | ၅၄% | ၃၈၁.၉၂ | ၉၆၆.၇၆ | ၁၃၄၈.၆၈ | ၁၃% |
| ၅ | **အခြား** | ၆၁.၇၅ | ၉၁.၂၈ | ၁၅၃.၀၃ | ၂.၈% | ၁၁၈.၈၇ | ၁၁၄.၆၈ | ၂၃၃.၅၅ | ၅.၄% | -၅၇.၁၂ | -၂၃.၄ | -၈၀.၅၁ | -၂.၆% |
| | စုစုပေါင်း | ၁၁၇၈.၅၇ | ၄၃၂၀.၁၂ | ၅၄၉၈.၆၉ | ၁၀၀% | ၈၈၇.၆၁ | ၃၄၅၂.၀၇ | ၄၃၃၉.၆၇ | ၁၀၀% | ၂၉၀.၉၇ | ၈၆၈.၀၅ | ၁၁၅၉.၀၂ | ၁၀၀% |


လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းတွင် **လယ်ယာထွက်ပစ္စည်း** အနေဖြင့် ဒေါ်လာ (၁၂၇၄.၄၁) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၂၉၀.၅၉) သန်း ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၁၆.၁၈) သန်း လျော့နည်းခဲ့ပြီး **ရေထွက်ပစ္စည်း**တင်ပို့မှုမှာ ယခုနှစ်တွင် ဒေါ်လာ (၁၉၆.၂၈)သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၉၅)သန်း ဖြစ်၍ ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၁.၂၈)သန်း နှင့် **တိရစ္ဆာန်ထွက်ပစ္စည်း**တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ (၁၄.၆) သန်း နှင့် ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၂.၀၇) သန်းဖြစ်၍ ယခုနှစ်တွင် ဒေါ်လာ (၁၂.၅၃) သန်း အသီးသီး တိုးတက် တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ (ဇယား – ၅၊ ၆၊ ပုံ–၇)

ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန် ပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၂၇%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၃၄%) ရှိခဲ့သည့် အတွက် ပါဝင်မှု%အနေဖြင့် (–၇%) ခန့်လျော့နည်းခဲ့ပြီး၊ ရေထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိ ဘဏ္ဍာနှစ်တွင် (၃.၆%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၄.၅%) ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့် (၀.၉%) လျော့နည်းခဲ့သည်ကို တွေ့ရသည်။ တိရိစ္ဆာန်ထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၀.၂၇%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၀.၀၅%) ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့် (၀.၂%) တိုးမြင့်တင်ပို့ခဲ့သည်ကိုတွေ့ရှိရသည်။ (ဇယား– ၅ ၊ ပုံ–၈)




ပုံ (၇)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်တန်ဖိုး

လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများပါဝင်သည့် လယ်ယာကဏ္ဍတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁-၄-၂၀၂၂ မှ ၂၉-၇-၂၀၂၂) ရက်ထိ ဒေါ်လာ (၁၄၈၅.၂၉) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၁၄၈၇.၆၆) သန်း ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၂.၃၇) သန်းခန့် လျော့နည်းတင်ပို့ခဲ့ပြီး၊ စုစုပေါင်းပို့ကုန် တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၂၇ %) ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၃၄%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့်လည်း (၇%) ခန့် လျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။ (ဇယား-၅၊ ပုံ-၈)




၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၂၉-၇-၂၀၂၂)ထိ　　　　၂၀၂၁-၂၀၂၂ (၁-၄-၂၀၂၁ မှ ၂၉-၇-၂၀၂၁)ထိ

ပုံ (၈)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်ပါဝင်မှု %

**(စ) ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက်**

ပို့ကုန်တင်ပို့မှုများကို **၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာထိ) တို့ နှိုင်းယှဉ်ပါက** ပို့ကုန်တင်ပို့မှုတန်ဖိုးစုစုပေါင်းမှာ ၂၀၂၁-၂၂ Mini Budget တွင် အမေရိကန်ဒေါ်လာ (၈,၂၇၉.၄၄)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာထိ) တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်းတင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၂ Mini Budget တွင် ဒေါ်လာ (၅၈၁.၅၉) သန်း လျော့နည်းတင်ပို့ခဲ့သည်ကိုတွေ့ရသည်။ (ဇယား-၆)

ဇယား(၆)- ကုန်စည်အုပ်စုအလိုက်တင်ပို့မှုနှိုင်းယှဉ်ချက်

ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၂၀ | ၂၄၀၇.၈၆ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၅၈ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၄.၀၇ |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၅၃.၄၁ | ၄၆၈၄.၅၄ |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၁၃ |
| | စုစုပေါင်း | ၈၉၇၇.၀၃ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၃ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၄ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၁ | ၁၇၆၈၁.၀၉ | ၁၅၃၆၃.၂၈ | ၈၂၇၉.၄၄ |

၂၀၂၁-၂၂ Mini Budget ပို့ကုန်တင်ပို့မှုတွင် **လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုတန်ဖိုး ဒေါ်လာ (၂၄၀၇.၈၆) သန်း**ပါဝင်ခဲ့ရာ အဆိုပါတင်ပို့မှုတွင် **ဆန်နှင့် ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၇) သန်း၊ **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၆၃)သန်း၊ **ပြောင်း** ဒေါ်လာ (၃၆၈.၂၃)သန်း၊ **နှမ်း** ဒေါ်လာ (၁၉၄.၁၉)သန်း၊ **ရော်ဘာစိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့် **အခြားလယ်ယာထွက်ကုန်ပစ္စည်း** ဒေါ်လာ (၂၈၃.၀၅)သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။(ဇယား-၇၊ ပုံ-၉)

ဇယား (၇) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆–၁၇ (ဧပြီမှ မတ်) | ၂၀၁၇–၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈–၁၉ (အောက် မှ စက်) | ၂၀၁၉–၂၀ (အောက် မှ စက်) | ၂၀၂၀–၂၁ (အောက် မှ စက်) | ၂၀၂၁–၂၂ (Mini Budget) (အောက် မှ မတ်) |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၇ |
| ၂ | ပဲအမျိုးမျိုး | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၃ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၀၅ |
| | စုစုပေါင်း | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇ | ၄,၆၂၄.၁၃ | ၂,၄၀၇.၈၆ |




ပုံ (၉) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဂရပ်

## (ဆ) ၂၀၂၁–၂၂ နှင့် ၂၀၂၀–၂၀၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လထိ) ပို့ကုန်တင်ပို့နိုင်မှု နှိုင်းယှဉ်ချက်


**၂၀၂၁–၂၂ နှင့် ၂၀၂၀–၂၁ ကာလတူ(အောက်တိုဘာလမှ မတ်လထိ)** ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ပါက ၂၀၂၁–၂၂တွင် စုစုပေါင်း တင်ပို့မှုမှာ (၂,၄၀၇.၈၆)သန်း ရှိခဲ့ပြီး၊ ၂၀၂၀–၂၁ အလားတူ ကာလတွင် (၂,၉၂၈.၁၄)သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် (၅၂၀.၂၈)သန်း လျော့နည်း

တင်ပို့ခဲ့ကြောင်း တွေ့ရပြီး၊ ပို့ကုန် အမယ် အလိုက်တင်ပို့မှုတွင် ယခင်နှစ်ထက် **ဆန်နှင့်ဆန်ကွဲ** အမေရိကန်ဒေါ်လာ (၁၅.၈၃) သန်း၊ **ပဲအမျိုး မျိုး**တွင် ဒေါ်လာ (၂၄.၆) သန်း၊ **ပြောင်း**တွင် ဒေါ်လာ (၃၆.၇၄) သန်း၊ **ရာဘာစိမ်း**တွင် ဒေါ်လာ (၉.၄၈) သန်း အသီးသီးတိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး **နှမ်း**တွင် ဒေါ်လာ (၉၀.၂၈) သန်းနှင့် **အခြားသီးနှံများ**တွင် ဒေါ်လာ (၅၁၆.၆၅)သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၈၊ ပုံ-၁၀)

ဇယား (၈) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ဧပြီမှမတ်) | ၂၀၁၇-၁၈ (ဧပြီမှမတ်) | ၂၀၁၈(Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှစက်) | ၂၀၁၉-၂၀ (အောက်မှ စက်) | ၂၀၂၀-၂၁ (အောက်မှ စက်) | ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက်မှ မတ်) | ခြားနားချက် |
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၇ | ၄၂၈.၄၄ | ၁၅.၈၃ |
| ၂ | ပဲအမျိုးမျိုး | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ | ၈၀၆.၀၃ | ၂၄.၆ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၃ | ၃၃၁.၄၉ | ၃၆.၇၄ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ | ၂၈၄.၄၇ | -၉၀.၂၈ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ | ၂၇၈.၀၂ | ၉.၄၈ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၀၅ | ၇၉၉.၇ | -၅၁၆.၆၅ |
| | စုစုပေါင်း | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇ | ၄,၆၂၄.၁၃ | ၂,၄၀၇.၈၆ | ၂,၉၂၈.၁၄ | -၅၂၀.၂၈ |




ပုံ (၁၀) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု ကာလတူ (အောက်တိုဘာမှ မတ်လထိ)နှိုင်းယှဉ်မှု

## (၈) ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ ရောင်းချမှု မှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၂၄၃၀၄.၈၂)၊ တန်ဖိုး ဒေါ်လာ (၂၇.၄၈) သန်း၊ ပုဇွန်မှာ တန်ချိန်(၁၄၃၈.၁၃)၊ တန်ဖိုး ဒေါ်လာ (၅.၆၆) သန်း နှင့် အခြားရေထွက်ပစ္စည်း များမှာ တန်ချိန် (၈၄၄၂.၅၄)၊ တန်ဖိုး ဒေါ်လာ (၂၈.၀၇) သန်း ရရှိခဲ့သည်ကို သိရှိရပါသည်။ (ဇယား-၉)

ဇယား (၉) - ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | ပုံမှန်ကုန်သွယ်ရေး | **၉၆၃၉.၂၈၁** | **၁၂.၇၃** | **၁၃၀၀.၈၅** | **၅.၁** | **၃၆၁၁.၂၉** | **၁၂.၀၅** | **၁၄၅၅၁.၄၂** | **၂၉.၈၈** |
| | (က) ပုဂ္ဂလိကကုမ္ပဏီများ | ၉၆၃၉.၂၈ | ၁၂.၇၃ | ၁၃၀၀.၈၅ | ၅.၁ | ၃၆၁၁.၂၉ | ၁၂.၀၅ | **၁၄၅၅၁.၄၂** | **၂၉.၈၈** |
| ၂ | နယ်စပ်ကုန်သွယ်ရေး | **၁၄၆၆၅.၅၄** | **၁၄.၇၅** | **၁၃၇.၂၈** | **၀.၅၆** | **၄၈၃၀.၂၇၈** | **၁၆.၀၃** | **၁၉၆၃၃.၁** | **၃၁.၃၄** |
| | (က) မြဝတီ | ၃၇၃.၇၆ | ၀.၄၆၇ | ၃.၄ | ၀.၀၃ | ၆၀၆.၅၈၅ | ၁.၆၂ | **၉၈၃.၇၆** | **၂.၁၂** |
| | ( ခ ) ကော့သောင်း | ၁၃၀၈၈.၁ | ၁၂.၇၉ | ၁၂၉.၉၆၁ | ၀.၅၁ | ၁၀၃၃.၃၇၀ | ၃.၂၇၂ | **၁၄၂၅၁.၄၃** | **၁၆.၅၈** |
| | ( ဂ ) စစ်တွေ | ၇၇ | ၀.၀၉၆ | | | | | **၇၇** | **၀.၁** |
| | (ဃ) မြိတ် | ၂၁၉.၉၈ | ၀.၂၆ | ၃.၉ | ၀.၀၁၆ | ၆၆၂.၃၀၀ | ၀.၇၀၉ | **၈၈၆.၁၈** | **၀.၉၉** |
| | ( င ) မူဆယ် | | | | | ၂၅၁၁.၀၂၃ | ၁၀.၄၁၄ | **၂၅၁၁.၀၂** | **၁၀.၄၁** |
| | ( စ ) မောင်တော | ၉၀၆.၇ | ၁.၁၃ | | | ၁၇.၀၀၀ | ၀.၀၁ | **၉၂၃.၇** | **၁.၁၄** |
| | (ဆ) တမူး | | | | | | | | |
| | ( ဇ ) ချင်းရွှေဟော် | | | | | | | | |
| | ( ဈ ) ထီးခီး | | | | | | | | |
| | (ည) ရိ(ဒ်) | | | | | | | | |
| | (ဋ) မောတော | | | | | | | | |
| | (ဌ) ကျိုင်းလတ် | | | | | ၀.၉၇၃ | ၀.၀၀၇ | **၀.၉၇** | **၀.၀၁** |
| | ၂၀၂၂-၂၀၂၃ ဇူလိုင်လအတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၂၄၃၀၄.၈၂ | ၂၇.၄၈ | ၁၄၃၈.၁၃ | ၅.၆၆ | ၈၄၄၁.၅၇ | ၂၈.၀၇ | ၃၄၁၈၄.၅၂ | ၆၁.၂၁ |
| | ၂၀၂၁-၂၀၂၂ ဇူလိုင်လအတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၁၉၀၅၆.၃၂ | ၂၇.၀၉ | ၁၁၁၉.၉၂ | ၄.၈၃ | ၆၀၈၈.၀၃ | ၁၉.၂၃ | ၂၆၂၆၄.၂၆၉ | ၅၁.၁၄ |
| | ခြားနားချက် | ၅၂၄၈.၅၀ | ၀.၃၉ | ၃၁၈.၂၁ | ၀.၈၃ | ၂၃၅၃.၅၄ | ၈.၈၅ | ၇၉၂၀.၂၅ | ၁၀.၀၇ |

အရင်းအမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

ယခင်နှစ်အလားတူကာလ ၂၀၂၁-၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန် (၅၂၄၈.၅) နှင့် တန်ဖိုး ဒေါ်လာ (၀.၃၉) သန်း ၊ ပုဇွန်တန်ချိန် (၃၁၈.၂၁) နှင့် တန်ဖိုး ဒေါ်လာ (၀.၈၃) သန်း နှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၂၃၅၃.၅၄) ၊ တန်ဖိုး ဒေါ်လာ (၈.၈၅) သန်း အသီးသီး မြင့်တက်ခဲ့ပါသည်။ (ဇယား-၉ )

## (ဈ) (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက်

ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် (၁၄,၆၈၆.၀၆) သန်း ရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၂၅.၀၀၂) သန်း (၁၅%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(ဇယား-၁၀)

ဇယား (၁၀) – ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား

၂၀၁၂-၂၀၁၃ မှ ၂၀၂၂-၂၃ (၁.၄.၂၀၂၂ မှ ၂၉.၇.၂၀၂၂ ထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၂၉-၇-၂၂) ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၄၇ | ၈၉၇ | ၁၀၀၀.၆၇ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၂ | ၈၃၃.၃၉ | ၂၄၆၄.၆၂ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၁.၇၆ | ၅၄၅.၂၅ | ၁၀၇၉.၁၆ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၂၀၅.၇၂ | ၉၇၇.၀၇ |
| စုစုပေါင်း | | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၈၆.၀၆ | ၇၉၅၅ .၂၆ | ၅၅၂၁.၅၂ |

## (ည) ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇူလိုင်လ(၂၉) ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ

အစီရင်ခံကာလအတွင်း (၁-၄-၂၀၂၂) မှ (၂၉-၇-၂၀၂၂) ထိ သွင်းကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ (၅၅၂၁.၅၂) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၁၀၀၀.၆၇) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၂၄၆၄.၆၂) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၁၀၇၉.၁၆) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၉၇၇.၀၇) သန်းပါဝင်ခဲ့ပါသည်။ (ဇယား-၁၀)


## ၁။ လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြအနေမှာ **စားအုန်းဆီ** တန်ချိန် (၁၆၅၉၂၅)၊ တန်ဖိုးဒေါ်လာ (၂၆၃.၈၅) သန်း၊ **ဓာတ်မြေဩဇာ**တန်ချိန် (၃၃၂၃၁၈)၊ တန်ဖိုး ဒေါ်လာ (၁၉၂.၁၆) သန်း၊ **ဂျုံစေ့** တန်ချိန် (၄၅၆၅၈)၊ တန်ဖိုး (၁၉.၂၇)သန်းနှင့် **ဂျုံမှုန့်** တန်ချိန် (၃၄၉၈)၊ တန်ဖိုး (၁.၅၆) သန်း ပါရှိခဲ့ပါသည်။ (စာရင်းဇယား -၁၁၊ ပုံ-၁၁၊ ၁၂ )


ဇယား (၁၁) အဓိကကုန်ပစ္စည်း (၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ ဇူလိုင် ၂၉ ရက် ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၁၈၃၂၃၆၄ .၅၉** | **၂၅၇၅၆၀၃ .၂၁** | **-၇၄၃၂၃၈. .၃၅** | **-၂၉%** |
| ၁ | ဒီဇယ် | US$ | ၇၆၉.၀၃ | ၄၁၈.၂၇ | ၃၅၀.၇၆ | ၈၄% |
| | | တန် | ၆၄၆၆၅၇ | ၇၅၀၂၇၄ | -၁၀၃၆၁၇ | -၁၄% |
| ၂ | ဓါတ်ဆီ | US$ | ၅၉၁.၃၃ | ၃၉၉.၂၇ | ၁၉၂.၀၇ | ၄၈% |
| | | တန် | ၄၅၅၉၃၂ | ၆၁၃၁၅၀ | -၁၅၇၂၁၈ | -၂၆% |
| ၃ | စားအုန်းဆီ | US$ | ၂၆၃.၈၅ | ၂၉၄.၅၁ | -၃၀.၆၅ | -၁၀% |
| | | တန် | ၁၆၅၉၂၅ | ၂၆၆၈၆၇ | -၁၀၀၉၄၂ | -၃၈% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၇၅.၆၀ | ၁၅၇.၉ | -၈၂.၂၉ | -၅၂% |
| | | စီး | ၁၃၆၁ | ၇၄၀၂ | -၆၀၄၁ | -၈၂% |
| | လူစီးယာဉ် | US$ | ၃.၈၉ | ၅၇.၁၄ | -၅၃.၂၆ | -၉၃% |
| | | စီး | ၁၁၉ | ၃၈၀၄ | -၃၆၈၅ | -၉၇% |
| | ဘတ်စ် | US$ | ၁.၈၉ | ၂.၃၇ | -၀.၅၄ | -၂၃% |
| | | စီး | ၁၁၃ | ၉၈ | ၁၅ | ၁၅% |
| | ထရပ် | US$ | ၄.၉၄ | ၁၉.၃၆ | -၁၄.၄၂ | -၇၄% |
| | | စီး | ၄၂၀ | ၁၉၄၈ | -၁၅၂၈ | -၇၈% |
| | ယန္တယား | US$ | ၄၅.၉၈ | ၅၉.၇၈ | -၁၃.၈ | -၂၃% |
| | | စီး | ၇၀၉ | ၁၅၅၂ | -၈၄၃ | -၅၄% |
| | ယာဉ်အပိုပစ္စည်း | US$ | ၁၈.၉၆ | ၁၉.၂၃၄၆ | -၀.၂၈ | -၁% |
| ၅ | ဘိလပ်မြေ | US$ | ၁၃.၇၈ | ၃၂.၂၅ | -၁၈.၄၇ | -၅၇% |
| | | တန် | ၁၆၃၃၇၄ | ၄၁၈၈၈၈ | -၂၅၅၁၁၄ | -၆၁% |
| ၆ | ဓာတ်မြေဩဇာ | US$ | ၁၉၂.၁၆ | ၁၀၁.၂၉ | ၉၀.၈၇ | ၉၀% |
| | | တန် | ၃၃၂၃၁၈ | ၃၆၄၈၅၁ | -၃၂၅၃၃ | -၉% |
| ၇ | ဂျုံစေ့ | US$ | ၁၉.၂၇ | ၄၁.၈၃ | -၂၂.၅၆ | -၅၄% |
| | | တန် | ၄၅၆၅၈ | ၁၃၄၉၂၁ | -၈၉၂၆၃ | -၆၆% |
| ၈ | ဂျုံမှုန့် | US$ | ၁.၅၆ | ၀.၅ | ၁.၀၆၃ | ၂၁၅% |
| | | တန် | ၃၄၉၈ | ၁၂၆၂ | ၂၂၃၆ | ၁၇၇% |
| ၉ | နို့ဆီ | US$ | ၇.၉ | ၅.၂၉ | ၂.၆၁ | ၄၉% |
| | | တန် | ၅၈၀၉ | ၄၄၂၀ | ၁၃၈၉ | ၃၁% |
| ၁၀ | နို့စိမ်း | US$ | ၁၀.၅၅ | ၁၁.၃၇ | -၀.၈၂ | -၇% |
| | | တန် | ၇၄၄၁ | ၈၇၂၄ | -၁၂၈၃ | -၁၅% |
| ၁၁ | နို့မှုန့် | US$ | ၆.၈၂၂၈ | ၈.၇၈ | -၁.၉၂၅ | -၂၂% |
| | | တန် | ၂၄၄၀ | ၃၃၇၃ | -၉၃၃ | -၂၈% |




ပုံ(၁၁)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း)




ပုံ(၁၂)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်)

အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၅၈၀၉) ၊ တန်ဖိုးဒေါ်လာ (၇.၉) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၇၄၄၁)၊ တန်ဖိုးဒေါ်လာ (၁၀.၅၅) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၂၄၄၀)၊ တန်ဖိုးဒေါ်လာ (၆.၈၂) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၁)

## (ဠ) သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ ခုနှစ်၊ ဧပြီလ (၁)ရက်မှ ဇူလိုင်လ (၂၉)ရက်ထိ ဒေါ်လာ (၅၅၂၁.၅၂)သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၄၄၂၁.၀၄)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၁၁၀၀.၄၈) (၂၅%) တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၂)

ဇယား (၁၂) – ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၂၉-၇-၂၂)ထိ | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁ မှ ၂၉-၇-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၁၇၇.၅၀ | ၈၂၃.၁၇ | ၁၀၀၀.၆၇ | ၃၁၅.၆၉ | ၉၃၄.၂၅ | ၁၂၄၉.၉၄ | -၁၃၈.၁၉ | -၁၁၁.၀၈ | -၂၄၉.၂၇ | -၂၀% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်း | ၄၃.၃၆ | ၂၄၂၁.၂၆ | ၂၄၆၄.၆၂ | ၁၅.၀၇ | ၁၆၄၈.၅၁ | ၁၆၆၃.၅၈ | ၂၈.၂၉ | ၇၇၂.၇၆ | ၈၀၁.၀၃ | ၄၈% |
| ၃ | လူသုံးကုန်ပစ္စည်း | ၉၄.၂၇ | ၉၈၄.၈၉ | ၁၀၇၉.၁၆ | ၇.၂၆ | ၁၀၃၈.၆၁ | ၁၀၄၅.၈၇ | ၈၇.၀၀၅ | -၅၃.၇၁ | ၃၃.၂၉ | ၃% |
| ၄ | CMP | | ၉၇၇.၀၇ | ၉၇၇.၀၇ | | ၄၆၁.၆၅ | ၄၆၁.၆၅ | | ၅၁၅.၄၂ | ၅၁၅.၄၂ | ၁၁၂% |
| | စုစုပေါင်း | ၃၁၅.၁၃ | ၅၂၀၆.၃၉ | ၅၅၂၁.၅၂ | ၃၃၈.၀၂ | ၄၀၈၃ .၀၁ | ၄၄၂၁.၀၄ | -၂၂.၈၉၄ | ၁၁၂၃.၃၇ | ၁၁၀၀.၄၈ | ၂၅% |

ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၂၄၆၄.၆၂) သန်း ဖြင့် အများဆုံးနှင့် လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ

ဒေါ်လာ (၁၀၇၉.၁၆)သန်း ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်အလား တူ ကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၁၆၆၃.၅၈) အများ ဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၁၂၄၉.၉၄)သန်းဖြင့် ဒုတိယအများဆုံး တင် သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၂)

လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန်(၁၀၀၀၉၄၂)နှင့် တန်ဖိုး အားဖြင့် ဒေါ်လာ (၃၀.၆၅)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၈၉၂၆၃)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၂.၅၆)သန်း လျော့နည်းတင်သွင်းခဲ့ကိုတွေ့ရသည်။ အခြားကုန်စည်များ ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၂၂၃၆)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁.၀၆) သန်း တိုးမြှင့် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၃၂၅၃၃) လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၉၀.၈၇)သန်း တိုးမြှင့်ခဲ့သည်ကို တွေ့ရသည်။ (ဇယား -၁၁၊ ပုံ-၁၁၊ ၁၂)

## (၄) ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာထိ) တို့၏ သွင်းကုန်တင်သွင်းမှုများကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ Mini Budget တွင် စုစုပေါင်း ဒေါ်လာ (၇၉၅၅.၂၆) သန်းတင်သွင်းခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၉၈၆၇.၇၈) သန်း တင်သွင်းခဲ့သဖြင့် ၂၀၂၁-၂၂ ခုနှစ်တွင် ၂၀၁၈ ခုနှစ်ထက် ဒေါ်လာ (၁၉၁၂.၅၂) သန်း လျော့နည်း တင်သွင်းခဲ့ပါသည်။ (ဇယား-၁၃)

၂၀၂၁-၂၂ Mini Budget တွင် သွင်းကုန်များမှ လယ်ယာကဏ္ဍ သွင်းကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ** တန်ချိန်(၃၀၂၃၆၂)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၂၀.၇၈)သန်း၊ **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၄၄၀၃၁၇) နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၂၁.၇၂၅)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၁၈၁၈၄၀)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၆၈.၇၁)သန်း၊ **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၂၉၉၀)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁.၃၉) သန်း တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား -၁၅)

ဇယား (၁၃) - ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု
နှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၄၇ | ၈၉၇ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၂ | ၈၃၃.၃၉ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၁.၇၆ | ၅၄၅.၂၅ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၂၀၅.၇၂ |
| | **စုစုပေါင်း** | **၉၀၆၈.၉၁** | **၁၃၇၅၉.၅၁** | **၁၆၆၃၃.၁၅** | **၁၆၅၇၇.၉** | **၁၇၂၁၁.၀၆** | **၁၈၆၉၄.၉** | **၉၈၆၇.၇၈** | **၁၈၀၈၆.၆** | **၁၉၀၅၀.၉** | **၁၄၆၈၆.၀၆** | **၇၉၅၅.၂၆** |


## (၃) ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ)သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

ကုန်ပစ္စည်းအမျိုးအစားအလိုက် သွင်းကုန်တင်သွင်းမှုကို **၂၀၂၁-၂၂** နှင့် **၂၀၂၀-၂၁ ကာလတူ** (အောက်တိုဘာလ မှ မတ်လ) နှိုင်းယှဉ်ပါက စုစုပေါင်း သွင်းကုန်တင်သွင်းမှုမှာ ၂၀၂၁-၂၂ တွင် အမေရိကန် ဒေါ်လာ (၇,၉၅၅.၂၆) သန်း တင်သွင်းခဲ့ပြီး၊ ၂၀၂၀-၂၁ တွင် (၇,၇၉၀.၅) သန်း တင်သွင်းခဲ့သဖြင့် ယခုနှစ် တွင် (၁၆၄.၇၁)သန်း ပိုမိုတင်သွင်း ခဲ့သည်ကိုတွေ့ရသည်။ ၂၀၂၁-၂၂ တွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁,၂၈၈.၁၅) သန်း လျော့နည်း တင်သွင်းခဲ့ပြီး ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တန်ဖိုး (၉၉၈.၂၃) သန်း၊ လူသုံးကုန်ပစ္စည်း (၁၂၅.၅၃) သန်း နှင့် CMP (၃၂၉.၁) သန်း ပိုမို တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။(ဇယား-၁၄၊ ပုံ-၁၃)

ဇယား (၁၄) - ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လထိ)
သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက် မှ မတ်) | ခြားနားချက် |
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၆,၉၁၉.၃၉ | ၆,၅၉၀.၄၁ | ၃,၄၅၅.၃၄ | ၅,၈၆၁.၄၅ | ၇,၃၁၅.၃၃ | ၄,၇၄၀.၄၇ | ၁,၄၉၂.၁၇ | ၂,၇၈၀.၃၁ | -၁,၂၈၈.၁၅ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၆,၁၆၅.၃၆ | ၇,၆၈၅.၀၆ | ၃,၇၆၅.၈၅ | ၇,၃၇၉.၆၉ | ၆,၈၇၃.၂၇ | ၅,၄၃၃.၈၂ | ၃,၅၇၃.၀၆ | ၂,၅၇၄.၈၃ | ၉၉၈.၂၃ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၄,၁၂၆.၃၁ | ၄,၄၁၉.၄၃ | ၂,၆၄၆.၅၉ | ၄,၈၄၅.၄၇ | ၄,၈၆၂.၂၆ | ၄,၅၀၁.၇၆ | ၁,၇၄၅.၆၇ | ၁,၆၂၀.၁၅ | ၁၂၅.၅၃ |
| (ဃ) | CMP | - | - | - | - | - | - | ၁,၁၄၄.၃၅ | ၈၁၅.၂၆ | ၃၂၉.၁ |
| **စုစုပေါင်း** | | **၁၇,၂၁၁.၀၆** | **၁၈,၆၉၄.၉** | **၉,၈၆၇.၇၈** | **၁၈,၀၈၆.၆** | **၁၉,၀၅၀.၉** | **၁၄,၆၈၆.၀၆** | **၇,၉၅၅.၂၆** | **၇,၇၉၀.၅၅** | **၁၆၄.၇၁** |




ပုံ(၁၃)။ သွင်းကုန်တင်သွင်းမှု ကာလတူ နှိုင်းယှဉ်ပြဂရပ်

## ဇယား (၁၅) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ယခုနှစ် (၂၀၂၁-၂၀၂၂) (အောက် မှ မတ်လ ထိ ) | ယခင်နှစ် (၂၀၂၀-၂၀၂၁) (အောက် မှ မတ်လ ထိ ) | ခြားနားချက် | |
|---|---|---|---|---|---|---|
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၂၄၁၁.၅၂၉** | **၁၈၇၉.၆၁၇** | **၅၃၁.၉၁၂** | **၂၈%** |
| ၁ | ဒီဇယ် | US$ | ၁၁၉၅.၁၂၈ | ၆၄၆.၂၀၈ | ၅၄၈.၉၂ | ၈၅% |
| | | တန် | ၁၅၈၅၆၇၅ | ၁၆၂၅၅၇၄ | -၃၉၈၉၉ | -၂% |
| ၂ | ဓါတ်ဆီ | US$ | ၈၁၅.၄၀၄ | ၄၄၁.၆၆ | ၃၇၃.၇၄၄ | ၈၅% |
| | | တန် | ၉၈၁၈၈၁ | ၉၃၃၇၅၃ | ၄၈၁၂၈ | ၅% |
| ၃ | စားအုန်းဆီ | US$ | ၄၂၀.၇၇၈ | ၃၆၈.၅၉၆ | ၅၂.၁၈၂ | ၁၄% |
| | | တန် | ၃၀၂၃၆၂ | ၄၁၃၂၈၄ | -၁၁၀၉၂၂ | -၂၇% |
| ၄ | **မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း** | **US$** | **၁၇၈.၇၃၇** | **၄၅၁.၀၅** | **-၂၇၂.၃၁၃** | **-၆၀%** |
| | | **စီး** | **၄၇၀၅** | **၁၈၀၀၁** | **-၁၃၂၉၆.** | **-၇၄%** |
| | လူစီးယာဉ် | US$ | ၄၉.၅၀၁ | ၁၃၇.၉၅ | -၈၈.၄၄၉ | -၆၄% |
| | | စီး | ၂၃၄၈ | ၈၉၂၀ | -၆၅၇၂ | -၇၄% |
| | ဘတ်စ် | US$ | ၂.၀၄၃ | ၇.၉၉၇ | -၅.၉၅၄ | -၇၄% |
| | | စီး | ၁၃၂ | ၄၁၄ | -၂၈၂ | -၆၈% |
| | ထရပ် | US$ | ၉.၃၄၉ | ၄၈.၅၆၁ | -၃၉.၂၁၂ | -၈၁% |
| | | စီး | ၈၄၆ | ၃၉၃၁ | -၃၀၈၅ | -၇၈% |
| | ယန္တယား | US$ | ၉၃.၇၄၇ | ၁၉၉.၀၉၉ | -၁၀၅.၃၅၂ | -၅၃% |
| | | စီး | ၁၃၇၉ | ၄၇၃၆ | -၃၃၅၇ | -၇၁% |
| | ယာဉ်အပိုပစ္စည်း | US$ | ၂၄.၀၉၆ | ၅၇.၄၄၂ | -၃၃.၃၄၆ | -၅၈% |
| ၅ | ဘိလပ်မြေ | US$ | ၁၇.၈၂၅ | ၄၂.၈၃၂ | -၂၅.၀၀၇ | -၅၈% |
| | | တန် | ၂၀၇၄၈၃ | ၅၆၈၈၆၃ | -၃၆၁၃၈၀ | -၆၄% |
| ၆ | ဓာတ်မြေဩဇာ | US$ | ၂၂၁.၇၂၅ | ၁၅၉.၈၆၃ | ၆၁.၈၆၂ | ၃၉% |
| | | တန် | ၄၄၀၃၁၇ | ၆၆၇၃၉၇ | -၂၂၇၀၈၀ | -၃၄% |
| ၇ | ဂျုံစေ့ | US$ | ၆၈.၇၀၆ | ၅၆.၂၁၉ | ၁၂.၄၈၇ | ၂၂% |
| | | တန် | ၁၈၁၈၄၀ | ၂၀၅၁၃၄ | -၂၃၂၉၅ | -၁၁% |
| ၈ | ဂျုံမှုန့် | US$ | ၁.၃၈၅ | ၂.၂၂၉ | -၀.၈၄၄ | -၃၈% |
| | | တန် | ၂၉၉၀ | ၆၈၂၂ | -၃၈၃၂ | -၅၆% |
| ၉ | နို့ဆီ | US$ | ၁၀.၄၀၆ | ၁၁.၇၁၃ | -၁.၃၀၇ | -၁၁% |
| | | တန် | ၈၀၀၅ | ၁၀၂၆၀ | -၂၂၅၅ | -၂၂% |
| ၁၀ | နို့စိမ်း | US$ | ၁၃.၁၇၅ | ၁၇.၄၂၃ | -၄.၂၄၈ | -၂၄% |
| | | တန် | ၉၇၆၃ | ၁၄၂၄၅ | -၄၄၈၂ | -၃၁% |
| ၁၁ | နို့မှုန့် | US$ | ၁၉.၉၅၀ | ၁၈.၅၁၁ | ၁.၄၃၉ | ၈% |
| | | တန် | ၅၄၉၆ | ၇၇၃၁ | -၂၂၃၅ | -၂၉% |

မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန်(၁၁၀၉၂၁) လျော့နည်း တင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၅၂.၁၈၂) သန်းတိုးမြင့်လာခဲ့သည်ကို တွေ့ရသည်။ အခြားကုန်စည်များဖြစ်သော **ဂျုံမှုန့်** မှာ တန်ချိန် (၃၈၃၂)၊ တန်ဖိုး ဒေါ်လာ (၀.၈၄၄) သန်း လျော့နည်းခဲ့သည်။ **ဂျုံစေ့**မှာ တန်ချိန် (၂၃၂၉၅) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုး အားဖြင့် ဒေါ်လာ (၁၂.၄၈၇) သန်းတိုးမြင့် တင်သွင်းခဲ့သည်။ **ဓာတ်မြေဩဇာ**မှာတန်ချိန် (၂၂၇၀၈၀) လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၆၁.၈၆၂) သန်း တိုးမြင့်ခဲ့သည်ကို တွေ့ရသည်။ (ဇယား -၁၅)

## (ဃ) သုံးသပ်ချက်

**၂၀၂၁-၂၂ Mini Budget** (အောက်တိုဘာလမှ မတ်လထိ) နှင့် **၂၀၁၈ Mini Budget** (ဧပြီလ မှ စက်တင်ဘာထိ) တို့၏ ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ရာတွင် ၂၀၂၁-၂၂ Mini Budget တွင် အမေရိကန်ဒေါ်လာ (၈,၂၇၉.၄၄)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်းတင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၂ Mini Budget တွင် ဒေါ်လာ (၅၈၁.၅၉) သန်း လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ ထိုလျော့နည်းတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ သစ်တော ထွက်ပစ္စည်းအနည်းငယ်နှင့် တိရိစ္ဆာန်ထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ အခြားပစ္စည်း တို့ ဖြစ်ကြောင်းသုံးသပ်တွေ့ရှိရပါသည်။ ၂၀၂၁-၂၂ Mini Budget ပို့ကုန်တင်ပို့မှု စုစုပေါင်းတွင် **လယ်ယာထွက်ကုန်ပစ္စည်း** တင်ပို့မှုတန်ဖိုး ဒေါ်လာ (၂၄၀၇.၈၆)သန်းပါဝင်ခဲ့ရာ အဆိုပါ တင်ပို့မှု တွင် **ဆန်နှင့် ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၇)သန်း၊ **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၆၃)သန်း၊ **ပြောင်း** ဒေါ်လာ (၃၆၈.၂၃)သန်း၊ **နှမ်း** ဒေါ်လာ (၁၉၄.၁၉)သန်း၊ **ရော်ဘာစိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းတန်ဖိုး (၂၈၃.၀၅)သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ပို့ကုန်တင်ပို့မှု၏ **(၂၀၂၁-၂၀၂၂)** နှင့် **(၂၀၂၀-၂၀၂၁) ကာလတူ** အောက်တိုဘာ လ မှ မတ်လထိ နှိုင်းယှဉ်လေ့လာပါက (၂၀၂၁-၂၀၂၂) တွင် **လယ်ယာထွက်ကုန်** စုစုပေါင်း တင်ပို့မှုမှာ ဒေါ်လာ (၂၄၀၇.၈၆) သန်း ရှိခဲ့ပြီး (၂၀၂၀-၂၀၂၁) ကာလတူတွင် ဒေါ်လာ (၂၉၂၈.၁၄) သန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် တင်ပို့မှုစုစုပေါင်း ဒေါ်လာ (၅၂၀.၂၈) သန်း လျော့နည်းတင်ပို့ ခဲ့သည်ကို တွေ့ရသည်။ လယ်ယာထွက်ကုန်များ၏ ပို့ကုန်အမယ်အလိုက် တင်ပို့မှုမှာ ယခုနှစ်တွင် **ဆန်နှင့်ဆန်ကွဲ** ဒေါ်လာ(၄၄၄.၂၇) သန်း၊ **ပဲအမျိုးမျိုး**တွင် ဒေါ်လာ (၈၃၀.၆၃) သန်း၊ **ပြောင်း**မှာ ဒေါ်လာ (၃၆၈.၂၃) သန်း၊ **နှမ်း** မှာ ဒေါ်လာ (၁၉၄.၁၉) သန်း၊ **ရော်ဘာ**မှာ ဒေါ်လာ (၂၈၇.၅) သန်းနှင့် **အခြားသီးနှံ**များမှာ ဒေါ်လာ (၂၈၃.၀၅) သန်း အသီးသီးတင်ပို့ခဲ့ပြီး၊ ယခင်နှစ် အလားတူ ကာလတွင် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ (၄၂၈.၄၄) သန်း၊ ပဲအမျိုးမျိုးတွင် ဒေါ်လာ (၈၀၆.၀၃) သန်း၊

ပြောင်းမှာ ဒေါ်လာ (၃၃၁.၄၉) သန်း၊ နှမ်းမှာ ဒေါ်လာ (၂၈၄.၄၇) သန်း၊ ရာဘာမှာ ဒေါ်လာ (၂၇၈.၀၂) သန်းနှင့် အခြားသီးနှံများမှာ ဒေါ်လာ (၇၉၉.၇) သန်း အသီးသီးတင်ပို့ခဲ့သဖြင့် ယခင်နှစ်အလားတူကာလထက် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ(၁၅.၈၃) သန်း၊ ပဲအမျိုးမျိုး ဒေါ်လာ (၂၄.၆) သန်း၊ ပြောင်း ဒေါ်လာ (၃၆.၇၄) သန်း၊ ရာဘာ ဒေါ်လာ (၉.၄၈) သန်း စီ တိုးမြင့်တင်ပို့ခဲ့ပြီး နှမ်းမှာ ဒေါ်လာ (၉၀.၂၈) သန်း နှင့် အခြား သီးနှံများမှာ ဒေါ်လာ (၅၁၆.၆၅) သန်း လျော့နည်းခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

အစီရင်ခံကာလအတွင်း **၁-၄-၂၀၂၂ မှ ၂၉-၇-၂၀၂၂** ထိ စုစုပေါင်းပို့ကုန်တင်ပို့မှု အနေဖြင့် ဒေါ်လာ (၅၄၉၈.၆၉) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ကုန်တင်ပို့မှုမှာ ဒေါ်လာ (၁၂၇၄.၄၁) သန်း ရှိခဲ့ပါသည်။ လယ်ယာထွက်ကုန်များမှ **ဆန်**တင်ပို့မှုတွင် ဩစတြေးလျ ၊ တရုတ်၊ ESTONIA၊ အီတလီ၊ မလေးရှား၊ ဖီလစ်ပိုင်၊ ပိုလန်နိုင်ငံများသို့ တင်ပို့မှုရှိပြီး ပင်လယ်ရေးကြောင်းမှ ဖီလစ်ပိုင်၊ တရုတ်နိုင်ငံများသို့ တင်ပို့မှုရှိကြောင်းနှင့် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နှင့် ချင်းရွှေဟော် စခန်းတို့မှလည်း တင်ပို့မှုရှိကြောင်းသိရှိရပါသည်။ **ဆန်ကွဲ** တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ ဘယ်ဂျီလ်ယံ၊ တရုတ်၊ နယ်သာလန်နိုင်ငံများသို့ တင်ပို့မှုရှိပြီး နယ်စပ်စခန်းများဖြစ်သော မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော် နှင့် မြဝတီ တို့မှလည်း တင်ပို့မှုရှိကြောင်း သိရသည်။ **ပြောင်း** တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ ဖီလစ်ပိုင်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး နယ်စပ်မှ ပြောင်းတင်ပို့နိုင်မှုမရှိကြောင်း သိရှိရပါသည်။ **နှမ်းနက်** တင်ပို့ မှုတွင်လည်း ပင်လယ်ရေကြောင်းမှ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်းသိရသည်။ **ရာဘာစိမ်း**တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ တရုတ်၊ ကိုရီးယား၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့ တင်ပို့မှုရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ **ပဲမျိုးစုံ** တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှုရှိပြီး အစီရင်ခံကာလအတွင်း မတ်ပဲ တန်ချိန် (၁၂၂၅၀၈.၀၁)၊ ပဲစင်းငုံ တန်ချိန် (၁၂၄၆၈.၁) နှင့် ပဲတီစိမ်း တန်ချိန် (၂၇၇၄၃၉.၈) အသီးသီး တင်ပို့ခဲ့ရာ ပဲတီစိမ်းနှင့် စပ်လျဉ်း၍ အိန္ဒိယမှ ပဲတီစိမ်းတင်သွင်းခွင့်မူဝါဒကို လွတ်လပ်စွာတင်သွင်းခွင့် ပေးထားရာမှ ကန့်သတ်ကုန်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ပြောင်းလဲသတ်မှတ်ခဲ့ရာ အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှုဌာန DGFT က ပဲတီစိမ်းတင်သွင်းသူများ အဆင်ပြေစေရန်အတွက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မတိုင်မီ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့သူများအား မတ်လ ၃၁ ရက် အမီတင်သွင်းခွင့်ပြုထားပြီး ပဲတင်သွင်းခွင့်သက်တမ်းကို အဆင့်ဆင့် သက်တမ်းတိုးလာခဲ့ရာမှ ယခုအခါ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ (တစ်နှစ်) ပြောင်းလဲ သတ်မှတ်လိုက်ကြောင်း သိရသည်။

**သွင်းကုန်တင်သွင်းမှု** အနေဖြင့် **၁-၄-၂၀၂၂ မှ ၂၉-၇-၂၀၂၂ ထိ** စုစုပေါင်း ဒေါ်လာ (၅၅၂၁.၅၂) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၁၁၀၀.၄၇) သန်း တိုးမြင့်

တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ် ကာလတူထက် တန်ချိန် (၁၀၀၉၄၂)၊ တန်ဖိုး ဒေါ်လာ(၃၀.၆၅)သန်း နှင့် **ဓာတ်မြေသြဇာ**မှာ တန်ချိန် (၃၂၅၃၃) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် (၉၀.၈၇) သန်း တိုးမြင့်ခဲ့ ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဇူလိုင်လ အတွင်း **ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ငါး၊ ပုဇွန်နှင့် အခြား ရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၃၄၁၈၄.၅၂)၊ တန်ဖိုး ဒေါ်လာ (၆၁.၂၁) သန်းနှင့် ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၂၆၂၆၄.၂၇) တန်ဖိုး ဒေါ်လာ (၅၁.၁၄) သန်းတင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၇၉၂၀.၂၅) နှင့် တန်ဖိုး(၁၀.၀၇) သန်းလျော့နည်းတင်ပို့ခဲ့သည်ကို တွေ့ရသည်။

**(ဏ) နိဂုံး**

မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေနှင့် တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေများအား သိရှိနိုင် ပါရန် ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

–